# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် [illegible] / ၂၀၂၂ )

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် [illegible] ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ [illegible] ရက်)

## နိဒါန်း

တနင်္သာရီတိုင်းဒေသကြီး၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်ကချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ် တို့နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း( ၁ )

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ တနင်္သာရီတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်း၊ တနင်္သာရီ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာန/ ကဏ္ဍအလိုက်ဖြစ်စေ၊ စည်ပင်သာယာရေး

အဖွဲ့များအလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန် ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် တနင်္သာရီတိုင်းဒေသကြီး၏ ရည်မှန်းချက်များနှင့် လုပ်ငန်း အစီအစဉ်များ ဖြစ်သည်။ ဒေသန္တရစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက် ဖြစ်စေ၊ ဝိသေသပြု ရေးဆွဲချမှတ်သော လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ရင်းနှီး မြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ပါဝင်ပြီး ဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး ၏ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ (၁)ရက်နေ့မှ မတ်လ (၃၁)ရက်နေ့ အထိ ကာလ ဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ (၆)လ အကောင်အထည် ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ် သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ် သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်သည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာ တနင်္သာရီတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ၊ တနင်္သာရီတိုင်းဒေသကြီး အဆင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း( ၂ )

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၁.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၂၇.၇ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၉၂.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၂.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၀.၀ ရာခိုင်နှုန်း လျော့နည်းရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၃.၂ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၅၂.၄ ရာခိုင်နှုန်း မှ ၅၁.၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၅.၆ ရာခိုင်နှုန်း မှ ၁၆.၄

ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၂.၀ ရာခိုင်နှုန်း မှ ၃၁.၈ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန် ၊

(ဃ) တနင်္သာရီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီးရန်ပုံငွေဖြင့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၂၈,၇၀၂.၉၇၇ သန်းအား ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်၊

(င) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃,၀၇၅,၇၂၃ မှ ကျပ် ၃,၁၁၄,၉၅၀ သို့ဖြစ်ပေါ်လာရန်။

## အခန်း( ၃ )

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းများကို ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်း ဆောင်ရွက်ရမည်။

၇။ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအဘွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ခထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၁။ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၂။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီးဖြစ်ရမည့်အပြင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ တနင်္သာရီတိုင်းဒေသကြီး၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ္ဍာအတွင်း ထည့်သွင်း စိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်း

ဆောင်ရွက်ရမည်။ ဦးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

( ပုံ ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ-၁

## တနင်္သာရီတိုင်းဒေသကြီး၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁,၈၉၃,၄၄၅.၉** | **၅၁.၈** | **၃.၅** | **၁,၉၁၈,၈၃၈.၄** | **၅၁.၀** | **၁.၃** |
| | ၁ | လယ်ယာ | ၅၄၄,၈၉၂.၆ | ၁၄.၉ | ၈.၇ | ၅၅၄,၃၆၅.၀ | ၁၄.၇ | ၁.၇ |
| | ၂ | သားငါး | ၁,၃၄၅,၈၄၂.၅ | ၃၆.၈ | ၁.၅ | ၁,၃၆၂,၅၁၃.၈ | ၃၆.၂ | ၁.၂ |
| | ၃ | သစ်တော | ၂,၇၁၀.၈ | ၀.၁ | -၂၀.၇ | ၁,၉၅၉.၆ | ၀.၁ | -၂၇.၇ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၅၆၈,၀၉၄.၉** | **၁၅.၆** | **-၁၀.၉** | **၆၁၉,၆၇၅.၉** | **၁၆.၄** | **၉.၁** |
| | ၁ | စွမ်းအင် | ၄၃,၈၅၁.၇ | ၁.၂ | -၅၆.၄ | ၈၄,၁၈၇.၄ | ၂.၂ | ၉၂.၀ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၃,၂၀၈.၈ | ၀.၄ | -၁၂.၄ | ၁၃.၃၇၄.၂ | ၀.၃ | ၁.၃ |
| | ၃ | စက်မှုလက်မှု | ၂၀၉,၁၅၇.၀ | ၅.၇ | ၁.၂ | ၂၁၃,၄၂၅.၁ | ၅.၇ | ၂.၀ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၁၃၇,၀၁၅.၃ | ၃.၈ | ၀.၃ | ၁၄၀,၁၆၆.၇ | ၃.၇ | ၂.၃ |
| | ၅ | ဆောက်လုပ်မှု | ၁၆၄,၈၆၂.၁ | ၄.၅ | -၇.၇ | ၁၆၈,၅၂၂.၅ | ၄.၅ | ၂.၂ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၁၉၂,၃၀၈.၂** | **၃၂.၆** | **၁.၉** | **၁,၂၂၆,၃၉၄.၂** | **၃၂.၆** | **၂.၉** |
| | ၁ | ပို့ဆောင်ရေး | ၁၃၁,၇၅၄.၁ | ၃.၆ | ၈.၇ | ၁၃၅,၂၉၃.၉ | ၃.၆ | ၂.၇ |
| | ၂ | ဆက်သွယ်ရေး | ၆၅,၂၇၄.၂ | ၁.၈ | ၂.၅ | ၆၆,၃၄၂.၇ | ၁.၈ | ၁.၆ |
| | ၃ | ငွေရေးကြေးရေး | ၄,၂၅၂.၄ | ၀.၁ | ၈.၅ | ၃,၈၂၆.၈ | ၀.၁ | -၁၀.၀ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၄၇,၇၂၇.၃ | ၁.၃ | ၂.၇ | ၄၈,၇၂၉.၆ | ၁.၃ | ၂.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၉၄,၃၉၄.၅ | ၂.၆ | -၃.၉ | ၉၆,၀၉၃.၆ | ၂.၅ | ၁.၈ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၈၄၈,၉၀၅.၇ | ၂၃.၂ | ၁.၄ | ၈၇၆,၁၀၇.၆ | ၂၃.၃ | ၃.၂ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၃,၆၅၃,၈၄၉.၀** | **၁၀၀.၀** | **၀.၄** | **၃,၇၆၄,၉၀၈.၅** | **၁၀၀.၀** | **၃.၀** |

ပူးတွဲ-၂

## တနင်္သာရီတိုင်းဒေသကြီး၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂,၄၆၁,၅၄၀.၈** | **၆၇.၄** | **-၀.၂** | **၂,၅၃၈,၅၁၄.၃** | **၆၇.၄** | **၃.၁** |
| | ၁ | လယ်ယာ | ၅၄၄,၈၉၂.၆ | ၁၄.၉ | ၈.၇ | ၅၅၄,၃၆၅.၀ | ၁၄.၇ | ၁.၇ |
| | ၂ | သားငါး | ၁,၃၄၅.၈၄၂.၅ | ၃၆.၈ | ၁.၅ | ၁,၃၆၂,၅၁၃.၈ | ၃၆.၂ | ၁.၂ |
| | ၃ | သစ်တော | ၂,၇၁၀.၈ | ၀.၁ | -၂၁.၇ | ၁,၉၅၉.၆ | ၀.၁ | -၂၇.၇ |
| | ၄ | စွမ်းအင် | ၄၃,၈၅၁.၇ | ၁.၂ | -၅၆.၄ | ၈၄,၁၈၇.၄ | ၂.၂ | ၉၂.၀ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၃,၂၀၈.၈ | ၀.၄ | -၁၂.၄ | ၁၃,၃၇၄.၂ | ၀.၃ | ၁.၃ |
| | ၆ | စက်မှုလက်မှု | ၂၀၉,၁၅၇.၀ | ၅.၇ | ၁.၂ | ၂၁၃,၄၂၅.၁ | ၅.၇ | ၂.၀ |
| | ၇ | လျှပ်စစ်ဓါတ်အား | ၁၃၇,၀၁၅.၃ | ၃.၈ | ၀.၃ | ၁၄၀,၁၆၆.၇ | ၃.၇ | ၂.၃ |
| | ၈ | ဆောက်လုပ်မှု | ၁၆၄,၈၆၂.၁ | ၄.၅ | -၇.၇ | ၁၆၈,၅၂၂.၅ | ၄.၅ | ၂.၂ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၃၄၃,၄၀၂.၅** | **၉.၄** | **၃.၀** | **၃၅၀,၂၈၆.၆** | **၉.၃** | **၂.၀** |
| | ၁ | ပို့ဆောင်ရေး | ၁၃၁,၇၅၄.၁ | ၃.၆ | ၈.၇ | ၁၃၅,၂၉၃.၉ | ၃.၆ | ၂.၇ |
| | ၂ | ဆက်သွယ်ရေး | ၆၅,၂၇၄.၂ | ၁.၈ | ၂.၅ | ၆၆,၃၄၂.၇ | ၁.၈ | ၁.၆ |
| | ၃ | ငွေရေးကြေးရေး | ၄,၂၅၂.၄ | ၀.၁ | ၈.၅ | ၃,၈၂၆.၈ | ၀.၁ | -၁၀.၀ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၄၇,၇၂၇.၃ | ၁.၃ | ၂.၇ | ၄၈,၇၂၉.၆ | ၁.၃ | ၂.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၉၄,၃၉၄.၅ | ၂.၆ | -၃.၉ | ၉၆,၀၉၃.၆ | ၂.၅ | ၁.၈ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၈၄၈,၉၀၅.၇** | **၂၃.၂** | **၁.၄** | **၈၇၆,၁၀၇.၆** | **၂၃.၃** | **၃.၂** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၃,၆၅၃,၈၄၉.၀** | **၁၀၀.၀** | **၀.၄** | **၃,၇၆၄,၉၀၈.၅** | **၁၀၀.၀** | **၃.၀** |

ပူးတွဲ-၃

# တနင်္သာရီတိုင်းဒေသကြီး၏
# ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ၊ ဒေသန္တရစီမံကိန်း
# ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂,၄၃၇,၀၄၉.၄** | **၅၂.၄** | **၂,၆၁၃,၀၆၃.၄** | **၅၁.၈** | **၇.၂** |
| | ၁ | လယ်ယာ | ၇၀၂,၃၃၉.၉ | ၁၅.၁ | ၇၅၇,၄၂၈.၇ | ၁၅.၀ | ၇.၈ |
| | ၂ | သားငါး | ၁,၇၃၀,၀၃၁.၄ | ၃၇.၂ | ၁,၈၅၂,၁၆၂.၂ | ၃၆.၇ | ၇.၁ |
| | ၃ | သစ်တော | ၄,၆၇၈.၁ | ၀.၁ | ၃,၄၇၂.၅ | ၀.၁ | -၂၅.၈ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၇၂၅,၃၁၂.၂** | **၁၅.၆** | **၈၃၀,၂၇၃.၅** | **၁၆.၄** | **၁၄.၅** |
| | ၁ | စွမ်းအင် | ၆၉,၃၂၆.၃ | ၁.၅ | ၁၂၈,၈၇၇.၁ | ၂.၅ | ၈၅.၉ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၇,၇၂၉.၅ | ၀.၄ | ၂၀,၃၃၆.၃ | ၀.၄ | ၁၄.၇ |
| | ၃ | စက်မှုလက်မှု | ၂၇၄,၅၄၀.၂ | ၅.၉ | ၂၉၃,၀၄၃.၂ | ၅.၈ | ၆.၇ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၁၃၈,၁၈၅.၈ | ၃.၀ | ၁၄၅,၆၉၈.၆ | ၂.၉ | ၅.၄ |
| | ၅ | ဆောက်လုပ်ရေး | ၂၂၅,၅၃၀.၄ | ၄.၈ | ၂၄၂,၃၁၈.၃ | ၄.၈ | ၇.၄ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၄၈၅,၀၅၅.၇** | **၃၂.၀** | **၁,၆၀၈,၆၄၆.၄** | **၃၁.၈** | **၈.၃** |
| | ၁ | ပို့ဆောင်ရေး | ၁၅၁,၈၀၅.၉ | ၃.၃ | ၁၆၄,၀၂၁.၁ | ၃.၂ | ၈.၀ |
| | ၂ | ဆက်သွယ်ရေး | ၅၂,၅၄၈.၆ | ၁.၁ | ၅၃,၃၆၃.၂ | ၁.၁ | ၁.၆ |
| | ၃ | ငွေရေးကြေးရေး | ၄,၁၃၇.၆ | ၀.၁ | ၃,၇၂၃.၅ | ၀.၁ | -၁၀.၀ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၅၁,၉၀၃.၅ | ၁.၁ | ၅၂,၉၉၃.၅ | ၁.၀ | ၂.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၂၃,၂၇၀.၅ | ၂.၇ | ၁၂၉,၅၇၁.၂ | ၂.၆ | ၅.၁ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၁,၁၀၁,၃၈၉.၆ | ၂၃.၇ | ၁,၂၀၄,၉၇၃.၉ | ၂၃.၈ | ၉.၄ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၄,၆၄၇,၄၁၇.၃** | **၁၀၀.၀** | **၅,၀၅၁,၉၈၃.၃** | **၁၀၀.၀** | **၈.၇** |

ပူးတွဲ-၄

## တနင်္သာရီတိုင်းဒေသကြီး၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၃,၁၆၂,၃၆၁.၆** | **၆၈.၀** | **၃,၄၄၃,၃၃၆.၉** | **၆၈.၂** | **၈.၉** |
| | ၁ | လယ်ယာ | ၇၀၂,၃၃၉.၉ | ၁၅.၁ | ၇၅၇,၄၂၈.၇ | ၁၅.၀ | ၇.၈ |
| | ၂ | သားငါး | ၁,၇၃၀,၀၃၁.၄ | ၃၇.၂ | ၁,၈၅၂,၁၆၂.၂ | ၃၆.၇ | ၇.၁ |
| | ၃ | သစ်တော | ၄,၆၇၈.၁ | ၀.၁ | ၃,၄၇၂.၅ | ၀.၁ | -၂၅.၈ |
| | ၄ | စွမ်းအင် | ၆၉,၃၂၆.၃ | ၁.၅ | ၁၂၈,၈၇၇.၁ | ၂.၅ | ၈၅.၉ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၇,၇၂၉.၅ | ၀.၄ | ၂၀,၃၃၆.၃ | ၀.၄ | ၁၄.၇ |
| | ၆ | စက်မှုလက်မှု | ၂၇၄,၅၄၀.၂ | ၅.၉ | ၂၉၃,၀၄၃.၂ | ၅.၈ | ၆.၇ |
| | ၇ | လျှပ်စစ်ဓါတ်အား | ၁၃၈,၁၈၅.၈ | ၃.၀ | ၁၄၅,၆၉၈.၆ | ၂.၉ | ၅.၄ |
| | ၈ | ဆောက်လုပ်ရေး | ၂၂၅,၅၃၀.၄ | ၄.၈ | ၂၄၂,၃၁၈.၃ | ၄.၈ | ၇.၄ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၃၈၃,၆၆၆.၁** | **၈.၃** | **၄၀၃,၆၇၂.၅** | **၈.၀** | **၅.၂** |
| | ၁ | ပို့ဆောင်ရေး | ၁၅၁,၈၀၅.၉ | ၃.၃ | ၁၆၄,၀၂၁.၁ | ၃.၂ | ၈.၀ |
| | ၂ | ဆက်သွယ်ရေး | ၅၂,၅၄၈.၆ | ၁.၁ | ၅၃,၃၆၃.၂ | ၁.၁ | ၁.၆ |
| | ၃ | ငွေရေးကြေးရေး | ၄,၁၃၇.၆ | ၀.၁ | ၃,၇၂၃.၅ | ၀.၁ | -၁၀.၀ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၅၁,၉၀၃.၅ | ၁.၁ | ၅၂,၉၉၃.၅ | ၁.၀ | ၂.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၂၃,၂၇၀.၅ | ၂.၇ | ၁၂၉,၅၇၁.၂ | ၂.၆ | ၅.၁ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁,၁၀၁,၃၈၉.၆** | **၂၃.၇** | **၁,၂၀၄,၉၇၃.၉** | **၂၃.၈** | **၉.၄** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၄,၆၄၇,၄၁၇.၃** | **၁၀၀.၀** | **၅,၀၅၁,၉၈၃.၃** | **၁၀၀.၀** | **၈.၇** |